# အကောက်ခွန်ဦးစီးဌာန၊ ကာကွယ်ရေးဌာနခွဲ၏ ကြေညာချက်အမှတ်( ၁ / ၂၀၂၅ )

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

**စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ ဆိုင်းငံ့မိန့်လျှောက်ထားသူများ သိရှိနိုင်ပါရန်**

၁။ ဆိုင်းငံ့မိန့်လျှောက်ထားသူများအနေဖြင့် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေခွဲ ၁၄(က)နှင့် ၁၆(ဂ)အရ ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်အား လက်ခံကြောင်း အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ခုနစ်ရက်အတွင်း အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်သည့် အာမခံကြေး ၁၀,၀၀၀,၀၀၀/- (ကျပ် သိန်းတစ်ရာ တိတိ) သို့မဟုတ် ဆိုင်းငံ့ပစ္စည်း အကောက်ခွန်တန်ဖိုး၏ တစ်ဆယ်ရာခိုင်နှုန်းအား အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းရမည်။ ပေးသွင်းထားသည့် အာမခံကြေးသည် လုံလောက်မှုမရှိပါက ထပ်မံကောက်ခံသည့် အာမခံကြေးအား ပေးသွင်းရမည်။

၂။ သတ်မှတ်ရက်အတွင်း အာမခံကြေး ပေးသွင်းခြင်းမရှိပါက ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေခွဲ ၁၄(ခ) အရ ငြင်းပယ်မည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အကောက်ခွန်ဦးစီးဌာန